# ရှေ့သို့ လှမ်းကြည့်ခြင်း - မြန်မာနိုင်ငံအတွက် ကမ္ဘာ့ဘဏ်အုပ်စု၏ နိုင်ငံဆိုင်ရာမဟာဗျူဟာအသစ်ပြင်ဆင်ခြင်း

မြန်မာနိုင်ငံသည် အကူးအပြောင်းသုံးမျိုး၏ အလယ်တွင်ရောက်နေပါသည်။ ယင်းတို့မှာ စစ်အာဏာရှင်စနစ်မှ ဒီမိုကရေစီနည်းကျအုပ်ချုပ်မှုစနစ်သို့ အကူးအပြောင်း၊ ဗဟိုမှဦးစီးညွှန်ကြားသည့်စနစ်မှ ဈေးကွက်သဘောအရ လည်ပတ်သည့်စီးပွားရေးစနစ်သို့ အကူးအပြောင်းနှင့် နယ်စပ်ဒေသများ၌ နှစ်ပေါင်း ၆၀ ကြာဖြစ်ပွားခဲ့သည့် ပဋိပက္ခများမှ ငြိမ်းချမ်းရေးသို့အကူးအပြောင်းတို့ပင် ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ကမ္ဘာ့ဘဏ်အုပ်စု ရည်မှန်းထားသည့် ပန်းတိုင်နှစ်ရပ်ဖြစ်သည့် **ဆင်းရဲနွမ်းပါးမှုများကိုလျှော့ချနိုင်ရန် နှင့် အားလုံးမျှဝေပိုင်ဆိုင်သည့် သာယာဝပြောမှုကိုမြှင့်တင်** နိုင်မည့် အလားအလာများ အဆိုပါအကူးအပြောင်းများနှင့်အတူ မြန်မာပြည်သူများ အတွက် ပါလာပါသည်။ အဆိုပါပန်းတိုင်နှစ်ရပ်ကို အစိုးရကရော ပြည်သူများပါ ရောက်ရှိရေးအတွက် ကူညီ အားဖြည့်ပေးရန် ကမ္ဘာ့ဘဏ်အုပ်စုသည် နိုင်ငံဆိုင်ရာမဟာဗျူဟာအသစ်တစ်ခုကို ရေးဆွဲနေပါသည်။ ၎င်းသည် လာမည့်နှစ်များအတွင်း မြန်မာနိုင်ငံရှိ၎င်း၏အစီအစဉ်ကို လမ်းညွှန်ရှေ့ဆောင်ရန်ဖြစ်ပါသည်။

နိုင်ငံဆိုင်ရာမဟာဗျူဟာအသစ်တစ်ခုကို ရေးဆွဲရာတွင် ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် (၁) ဆင်းရဲနွမ်းပါးမှုကို အဆုံးသတ်နိုင်ရန်နှင့် အားလုံးမျှဝေပိုင်ဆိုင်သည့် သာယာဝပြောမှုကို မြှင့်တင်နိုင်ရန် ဆက်စပ်နေသည့် အခရာအကျဆုံး အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ဖော်ထုတ်သတ်မှတ်ပြီး ကိုင်တွယ်ဖြေရှင်းရန် လည်းကောင်း၊ (၂) အဆိုပါနယ်ပယ်များအတွင်း ကမ္ဘာ့ဘဏ်အုပ်စု၏အကူအညီများ အထိရောက်ဆုံး ဖြစ်နိုင်မည့် ကဏ္ဍနယ်ပယ်များကို ဖော်ထုတ်သတ်မှတ်ရန်လည်းကောင်း အချိန်ယူကာ ဂရုစိုက် တိုင်ပင်ညှိနှိုင်းသည့် ချဉ်းကပ်နည်းဖြင့် လုပ်ဆောင်မည်ဖြစ်ပါသည်။ နိုင်ငံဆိုင်ရာမဟာဗျူဟာများကို ပြင်ဆင်ရာတွင် အသစ်ချမှတ်ထားသည့် ကမ္ဘာတစ်ဝန်း ချဉ်းကပ် လုပ်ဆောင်မှုနှင့်အညီဖြစ်စေရန်အတွက် မြန်မာ နိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုကို အဆုံးသတ်ရန်နှင့် အားလုံးမျှဝေပိုင်ဆိုင်သည့် သာယာဝပြောမှုကို မြှင့်တင်ရန် အတွက် အခရာကျသည့် အဆင့်များကို ရှာဖွေဖော်ထုတ်သွားမည်။ ယခုလုပ်ငန်း၏ပထမအပိုင်းကို နိုင်ငံ၏ အခြေအနေကို စနစ်တကျ လေ့လာဆန်းစစ်မှု (SCD) လုပ်ငန်းစဉ်အားဖြင့် လုပ်ဆောင်မည်ဖြစ်ပါသည်။ SCD သည် နိုင်ငံဆိုင်ရာ မိတ်ဖက်ဖွဲ့မှုမူဘောင် (CPF) ကို ပြင်ဆင်ရန် အတွက် အသုံးပြုမည့် လိုအပ်သည့် သိရှိစရာများကို ဖော်ထုတ်ပေးမည်ဖြစ်ပါသည်။ CPF သည် ၂၀၁၂ ခုနှစ် နိုဝင်ဘာလက သဘောတူခဲ့ပြီး လက်ရှိအသုံးပြုနေသည့် ကြားကာလမဟာဗျူဟာ (Interim Strategy) နေရာတွင် အစားထိုးဝင်ရောက်မည်ဖြစ်သည်။

အောက်ပါတို့မှာ အထက်ကပြောခဲ့သည့် အကြောင်းအရာနှစ်ရပ်နှင့်ပတ်သက်၍ အကျဉ်းဖော်ပြမှု၊ ရည်ရွယ်ချက် များနှင့် ၎င်းတို့တစ်ခုနှင့်တစ်ခု မည်သို့ဆက်စပ်သည်ကို ဖော်ပြထားခြင်းဖြစ်သည်။

**နိုင်ငံ အခြေအနေကို စနစ်တကျ လေ့လာဆန်းစစ်မှု (SCD)**

SCD ဆိုသည်မှာ - မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုကို အဆုံးသတ်ရန်နှင့် အားလုံးမျှဝေပိုင်ဆိုင်သည့် သာယာဝပြောမှုကို မြှင့်တင်ရန်အတွက် ဦးစားပေး ဆောင်ရွက်သင့်သည့် အရာများကို စနစ်တကျနှင့် လက်တွေ့ရလဒ်အပေါ် အခြေပြု၍ ဖော်ထုတ်သတ်မှတ်ခြင်းပင်ဖြစ်သည်။ အထူးအားဖြင့် ၎င်းသည် အခွင့်အလမ်းများ၊ အကန့်အသတ်များနှင့် စိန်ခေါ်မှုများကိုလည်းကောင်း၊ အထက်ဖော်ပြပါ ရည်မှန်းချက်ပန်းတိုင် နှစ်ရပ်သို့ ရောက်ရေးအတွက် တစ်ဖက်က ရင်ဆိုင်ရဖွယ် ရှိသည့်ဆိုးကျိုးများကိုလည်းကောင်း **ဖော်ထုတ်သတ်မှတ်** ပြီး **ဦးစားပေး သတ်မှတ်ရန်** ရည်ရွယ်သည်။ SCD သည် အကြောင်းခြင်းရာလေးရပ်အပေါ်တွင် အာရုံ ထားမည်ဖြစ်သည်။

- ဆင်းရဲနွမ်းပါးသည့် အခြေခံလူတန်းစားများ၏ အချက်အလက်များ။ မြန်မာနိုင်ငံတွင် မည်သူတို့သည် ဆင်းရဲနွမ်းပါးသည့် အခြေခံ လူတန်းစားများဖြစ်ပါသလဲ။ ဘယ်လိုအချက်တွေနဲ့ သတ်မှတ်မလဲ။ ဘယ်နေရာ ဒေသတွေမှာ နေထိုင်ကြသလဲ စသည်တို့ကို လေ့လာရန်။
- ဆင်းရဲနွမ်းပါးမှုကို အဆုံးသတ်ရန်နှင့် အားလုံးမျှဝေပိုင်ဆိုင်သည့် သာယာဝပြောမှုကို မြှင့်တင်ရန် သွားရမည့်လမ်းစဉ်များ။ အခြေခံလူတန်းစားတို့၏ အချက်အလက်များအပေါ် အခြေခံ၍ အဆိုပါရည်မှန်းချက်ပန်းတိုင်နှစ်ရပ်နှင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်ဖြစ်စေ ဆက်စပ်နေသည့် အင်အားကောင်းသည့်အချိတ်အဆက်များရှိသည့် ဆောင်ရွက်ချက်များကို ဖော်ထုတ်သတ်မှတ်ရန်။
- သွားရမည့်လမ်းတစ်လျှောက်ရှိ အခွင့်အလမ်းများ၊ စိန်ခေါ်မှုများနှင့် အန္တရာယ်အလားအလာများ၊ တည်ဆောက်ရန်အတွက် အခြေတည်ရမည့် အခွင့်အလမ်းများ၊ ဖယ်ရှားပစ်ရမည့် အဟန့်အတားများ ကို ဖော်ထုတ်သတ်မှတ်ရန်။
- ဝင်ရောက်လုပ်ကိုင်ရမည့် ဦးစားပေးနယ်ပယ်များ။ SCD လုပ်ငန်းစဉ်အရ ထွက်ပေါ်လာသည့် အခရာ အကျဆုံးသော ဝင်ရောက်လုပ်ကိုင်ရမည့်အရာများကို ဖော်ထုတ်သတ်မှတ်ရန်။

**ဆောင်ရွက်မည့်ပုံစံ** - လက်တွေ့မြင်တွေ့ချက်များအပေါ်အခြေခံ၍လည်းကောင်း၊ အဓိကကျသည့် နည်းစနစ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ stakeholders များနှင့် ညှိနှိုင်း၍လည်းကောင်း အဓိကအခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို SCD က ကူညီဖော်ထုတ်၍ ဦးစားပေး သတ်မှတ်ပေးမည်ဖြစ်သည်။ ဆွေးနွေး ညှိနှိုင်းသည့် အစည်းအဝေးများမှ တစ်ဆင့် အောက်ပါအချက်များနှင့်ပတ်သက်ပြီး stakeholders များ၏စဉ်းစားထားပုံများကို ရရှိရန်မျှော်လင့်သည်။

- ဆင်းရဲနွမ်းပါးမှုကို အဆုံးသတ်ရန်နှင့် အားလုံးမျှဝေပိုင်ဆိုင်သည့် သာယာဝပြောမှုကို မြှင့်တင်ရန်အတွက် ဖော်ထုတ်သတ်မှတ်ထားသည့် လမ်းကြောင်းတစ်လျှောက်တွင် မည်သည်တို့ သည် အဓိကကျသည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ ဖြစ်ပါသနည်း။ မည်သည်တို့သည် အရေးတကြီး အဆောင်ရွက်သင့်ဆုံးဖြစ်ပါသနည်း။
- ဖော်ထုတ်သတ်မှတ်ထားသည့် အဟန့်အတားများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် မည်သည်တို့သည် အရေးတကြီး အဆောက်ရွက်သင့်ဆုံး ဝင်ရောက်ဆောင်ရွက်မှုများ ဖြစ်ပါသနည်း။
- ဖော်ပြပါရည်မှန်းချက်ပန်းတိုင်များနှင့်ဆိုင်သည့် မည်သည့်ရေးရာများသည် မှုဘောင်၏အပြင်သို့ ရောက်နေပါသနည်း။

ထို့ပြင် SCD လေ့လာစူးစမ်းမှုသည် အစိုးရအတွက်ရော အခြား stakeholders များအတွက်ပါ အသုံးဝင်မည်ဟု မျှော်လင့်သည်။

**နိုင်ငံဆိုင်ရာ မိတ်ဖက်ဖွဲ့မှုမူဘောင် (CPF)**

**CPF ဆိုသည်မှာ** - ကမ္ဘာ့ဘဏ်အဖွဲ့သည် ၂၀၁၂ ခုနှစ် နိုဝင်ဘာလက သဘောတူခဲ့သည့် ကြားကာလမဟာဗျူဟာမှတ်စု (Interim Strategy Note) နေရာတွင် အစားထိုးရန်နှင့် လာမည့် နှစ်များအတွင်း ကမ္ဘာ့ဘဏ်အဖွဲ့၏မြန်မာနိုင်ငံတွင် လုပ်ငန်းများကို ရှေ့ဆက် ဆောင်ရွက်ရာတွင် လမ်းညွှန်နိုင်ရန်တို့အတွက် နိုင်ငံဆိုင်ရာ မိတ်ဖက်ဖွဲ့မှုမူဘောင် (CPF) တစ်ခု ပြင်ဆင်သည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်နေပါသည်။ အဆိုပါလုပ်ငန်းစဉ် တွင် ရှိပြီးသား အသိဗဟုသုတများနှင့် အတွေ့အကြုံများကို အသုံးချရန်အတွက် အစိုးရဘက်မှ သက်ဆိုင်သူ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍတို့အပါအဝင် ကျယ်ပြန့် သည့် stakeholder များနှင့် ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် ဦးစားပေးနယ်ပယ်များကို ဆုံးဖြတ်ရန်နှင့် ကမ္ဘာ့ဘဏ်အုပ်စု၏ ထိတွေ့ဆက်ဆံမှုမဟာဗျူဟာကို ပုံစံချရန်တို့အတွက် SCD ကဲ့သို့သော အခြားသော ဆန်းစစ် လေ့လာမှု လုပ်ငန်းစဉ်များအပေါ်တွင်လည်း အခြေပြုကာ တည်ဆောက်မည် ဖြစ်ပါသည်။

**CPF အလုပ်လုပ်မည့်ပုံစံ** - ဆွေးနွေး ညှိနှိုင်းရန် အစည်းအဝေးလုပ်ငန်းစဉ် နှင့် အချိန်ဇယားကို လာမည့်လများ အတွင်း ရေးဆွဲချမှတ်ပြီးလျှင် အကြံဉာဏ်ရယူရန်အတွက် ကမ္ဘာ့ဘဏ်အုပ်စု၏ဝက်ဘ်ဆိုက်ပေါ်တွင် တင်ပေးသွားမည်ဖြစ်သည်။ တိုင်ပင်ညှိနှိုင်းရေး အစည်းအဝေးများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ၊ ဖိတ်ကြားလွှာများနှင့် အနှစ်ချုပ်များကိုလည်း ရသည်နှင့်တစ်ပြိုင်နက် ဤနေရာတွင် တင်ပေးထားမည် ဖြစ်ပါသည်။

SCD လုပ်ငန်းစဉ်အတွက် ကနဦးတိုင်ပင်ညှိနှိုင်းမှု အစည်းအဝေးကို ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပပါမည်။ အသေးစိတ်ကို "ကမ္ဘာ့ဘဏ်မြန်မာ" ဝက်ဘ်ဆိုက်ပေါ်တွင် ဆက်လက်တင်ပေးသွားပါမည်။



# မြန်မာနိုင်ငံအတွက် ကမ္ဘာ့ဘဏ် အုပ်စု၏ နိုင်ငံဆိုင်ရာ မဟာဗျူဟာ ၂၀၁၄-၂၀၁၈ ကို ပြင်ဆင်ခြင်း

